KBZ BANK
Premium Banking

# KBZ MPU-UnionPay Asia Prestige Debit/Credit Card နဲ့ Cash Rebate များ တစ်နှစ်လုံးခံစားခွင့်အစီအစဉ်အတွက် မေးလေ့မေးထရှိသော မေးခွန်းများ။

**၁။ KBZ MPU-UnionPay Asia Prestige Debit/Credit Card နဲ့ Cash Rebate များ တစ်နှစ်လုံးခံစားခွင့်" အစီအစဉ်တွင် မည်သူတို့ပါဝင်နိုင်ပါသလဲ။**

"KBZ MPU-UnionPay Credit Card နဲ့ Cash Rebate များ တစ်နှစ်လုံးခံစားခွင့်" အစီအစဉ်တွင် KBZ Bank MPU-UnionPay Asia Prestige Platinum Credit Card နှင့် KBZ Bank MPU-UnionPay Asia Prestige Diamond Debit Card ဖြင့် ငွေပေးချေသူများအားလုံး ပါဝင်နိုင်မည်ဖြစ်ပါသည်။

**၂။ "KBZ MPU-UnionPay Asia Prestige Debit/Credit Card နဲ့ Cash Rebate များ တစ်နှစ်လုံးခံစားခွင့်" အစီအစဉ် ၏ အစီအစဉ် ကာလမှာ အဘယ်နည်း။**

အစီအစဉ် ကာလမှာ ၈.၄.၂၀၂၃ မှ ၇.၄.၂၀၂၄ အထိဖြစ်သည်။

**၃။ "KBZ MPU-UnionPay Asia Prestige Debit/Credit Card နဲ့ Cash Rebate များ တစ်နှစ်လုံးခံစားခွင့်" အစီအစဉ်ကို မည်သို့ ပါဝင်နိုင်ပါမည်နည်း။**

ဤအစီအစဉ်တွင် UnionPay Network နှင့်ချိတ်ဆက်ထားသော POS machine သို့မဟုတ် ecommerce websites (Grab, Foodpanda, Facebook payments, ACCA exam fees, agoda, trip.com, etc.) များတွင် KBZ Bank MPU-UnionPay Asia Prestige Platinum Credit Card နှင့် KBZ Bank MPU-UnionPay Asia Prestige Diamond Debit Card ဖြင့် အထူးအစီအစဉ် ကာလအတွင်း အနည်းဆုံး USD 15 ရှိသော ငွေပေးချေမှုများ ပြုလုပ်ပါက အလိုအလျောက် ပါဝင်ခွင့်ရရှိမည်ဖြစ်ပါသည်။

**၄။ "KBZ MPU-UnionPay Asia Prestige Debit/Credit Card နဲ့ Cash Rebate များ တစ်နှစ်လုံးခံစားခွင့်" အစီအစဉ် ၏ ရရှိနိုင်သော ပြန်အမ်းငွေများမှာ အဘယ်နည်း။**

အစီအစဉ်ကာလအတွင်း ငွေပေးချေမှုပြုလုပ်သူများအနေဖြင့် လစဉ် ရရှိနိုင်သော ပြန်အမ်းငွေပမာဏများ မှာ-

- လစဉ် စုစုပေါင်း USD 15.00 မှ USD 49.99 အထိ ငွေပေးချေမှုရှိပါက ပြန်အမ်းငွေ 1%
- လစဉ် စုစုပေါင်း USD 50.00 မှ USD 99.99 အထိ ငွေပေးချေမှုရှိပါက ပြန်အမ်းငွေ 1.5%
- လစဉ် စုစုပေါင်း USD 100.00 နှင့် အထက် ငွေပေးချေမှုရှိပါက ပြန်အမ်းငွေ 2%

KBZ BANK
Premium Banking

**၅။ "KBZ MPU–UnionPay Asia Prestige Debit/Credit Card နဲ့ Cash Rebate များ တစ်နှစ်လုံးခံစားခွင့်" အစီအစဉ် ၏ ရရှိနိုင်သော အများဆုံး ပြန်အမ်းငွေများမှာ အဘယ်နည်း။**

ကတ်တစ်ကတ်တွင် ရရှိနိုင်သော အများဆုံး ပြန်အမ်းငွေသည် တစ်လအတွက် USD 100 ဖြစ်ပါသည်။

**၆။ ၁% ပြန်အမ်းငွေကို အနည်းဆုံးငွေပမာဏ မည်မျှသုံးရမည်နည်း။**

အနည်းဆုံး USD 15.00 သို့မဟုတ် USD 15.00 နှင့် ကိုက်ညီသော ကျပ်ငွေပမာဏကိုအသုံးပြုရပါမည်။

**၇။ ပြန်အမ်းငွေ များကို ရရှိခဲ့လျှင် ဘယ်လိုထုတ်ယူရမှာလဲ။**

ရရှိသောပြန်အမ်းငွေကို ကတ်အသုံးပြုသူ၏ ကတ်ထဲသို့ လစဉ် (ရက် ၃၀) ကုန်ဆုံးပြီးနောက် သတ်မှတ်ရုံးဖွင့်ရက် (၁၀) ရက်အတွင်း တိုက်ရိုက် ထည့်ပေးမည် ဖြစ်ပါသည်။ ထိုပမာဏအား ငွေသားဖြင့် ထုတ်ပေးမည် မဟုတ်ပါ။ အစိုးရရုံးပိတ်ရက်များ သို့မဟုတ် KBZ Bank မှ ထိန်းချုပ်၍မရနိုင်သော အခြေအနေမျိုးတွင် ပြန်အမ်းငွေ ထည့်သွင်းပေးမည့်အချိန်သည် အပြောင်းအလဲရှိနိုင် ပါသည်။

**၈။ အထူးအစီအစဉ်ရှိသော ကာလပတ်လုံး ပြန်အမ်းငွေအားခံစားခွင့်ရှိပါလား။**

အစီအစဉ် ကာလပတ်လုံး ပြန်အမ်းငွေကို ခံစားခွင့် ရှိပါသည်။

**၉။ အများဆုံး ပြန်အမ်းငွေကို သတ်မှတ်ထားပါသလား။ အကြိမ်ရေ အရေအတွက် ကန့်သတ်ထားတာ ရှိပါလား။**

ရရှိနိုင်သောပြန်အမ်းငွေ ပမာဏမှာ ကတ်တစ်ကတ်အတွက် တစ်လလျှင် အများဆုံး USD 100 သတ်မှတ်ထားပါသည်။ အထူးအစီအစဉ် ကာလအတွင်း ပြန်အမ်းငွေပမာဏသည် ဦးရာယူစနစ်အဖြစ် ခံစားခွင့်ရှိပါသည်။ တစ်လတွင် USD 100 အထိ ရရှိပြီးလျှင် နောက်လတွင်လည်း ထပ်မံ ခံစားခွင့်ရှိပါသည်။